# People's Defense Force (Kani)

# ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (ကနီမြို့နယ်)

## မိဘပြည်သူများသို့အသိပေးကြေညာခြင်း

ကြေညာချက် အမှတ်(၁၆/၂၀၂၁)

ရက်စွဲ။ ။၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ(၁၁)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)မှ နိုင်ငံ့အာဏာကို မတရားလုယူထားသော အကြမ်းဖက် စစ်ကောင်စီကို လှည်းနေလှေအောင်း မြင်းဖောင်းမကျန် တော်လှန်ရန် စတင်ကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ(၇)ရက်နေ့တွင် အမိန့်ကြေညာချက် အမှတ်(၁/၂၀၂၁)ဖြင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ကနီမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ ၏ အမိန့်ညွှန်ကြားချက်များအတိုင်း လိုက်နာပြီး အကြမ်းဖက် စစ်ကောင်စီကို ခြွင်းချက်မရှိ ရရာလက်နက်စွဲကိုင် တော်လှန်သွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်အတွင်းတွင် အခြေအနေအချိန်အခါ အကြောင်းအရပ်ရပ်ပေါ်မူတည်၍ အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်ပေရာ မိဘပြည်သူများအား အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

၁။ ကနီမြို့နယ်အတွင်း နေထိုင်ကြသော မိဘပြည်သူများအနေနှင့် မြို့နယ်အတွင်း သွားလာရာတွင် အကြမ်းဖက်စစ်ကောင်စီ၏ တပ်များ တပ်စွဲထားသောနေရာများ၊ စစ်ကောင်စီလက်အောက်ခံ ရုံးဌာနများ၊ ယာဉ်တန်းများ၊ စစ်ကောင်စီ၏ သတင်းပေးဒလန်များ၊ လက်ကိုင်တုတ်များ ရှိရာ အရပ်များသို့ သွားလာခြင်းမှ လုံး၀ ရှောင်ကြဉ်ကြပါရန်။

၂။ မိမိတို့ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်း အကြမ်းဖက် စစ်ကောင်စီ၏တပ်များ၊ သတင်းပေး ဒလန်များ၊ လက်ကိုင်တုတ်များ၏ လှုပ်ရှားမှုဖြစ်စဉ်များ၊ ကင်းပုန်းတပ်များ၊ ပြောက်ကျားတပ်များ တွေ့ရှိပါက မိမိတို့ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များထံ ယုံကြည်စိတ်ချစွာ ချက်ချင်းလျှို့ဝှက်သတင်း ပေး ကူညီကြပါရန်။

၃။ မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်သားများမှ ရပ်ကွက်၊ ကျေးရွာများ အတွင်းသို့ အခြေအနေအရ ဝင်ရောက်ခိုလှုံရန်တောင်းခံလာပါက တတ်စွမ်းသရွေ့ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြပါရန်။

၄။ မသင်္ကာဖွယ်ရာ ပစ္စည်းများ တစုံတရာ တွေ့ရှိပါက လေ့လာစူးစမ်းခြင်း (လုံး၀) မပြုကြရန်၊ မလိုအပ်ဘဲ တော်လှန်ရေးဆိုင်ရာကိစ္စရပ်များကို အာချောင်ပြောဆိုရေးသားခြင်းမှရှောင်ကြဉ်ပေးကြပါရန်။

၅။ ကနီမြို့နယ်အတွင်း ကုန်းလမ်း၊ ရေလမ်း သွားလာနေကြသော ပြည်သူအများ၏ ယာဉ်အားလုံး ယနေ့ (၁၁.၉.၂၀၂၁)ရက်နေ့မှ စတင်ကာ ခရီးသွားလာခြင်း ယာယီရပ်နားကြရန်။ မဖြစ်မနေ အရေးပေါ် သွားရောက်ရန်ရှိသော လူမှုကူညီရေးနှင့် လူနာတင်ယာဉ်များ ရှိခဲ့ပါက ကြိုတင် အသိပေးဆောင်ရွက်ကြရန်။ ထိုသို့သွားရောက်ခဲ့ပါက ကုန်းလမ်းသွား ယာဉ်များအနေနှင့် မှန်ချ မောင်းနှင်ခြင်း၊ မိုးကာအုပ်ထားခြင်း၊ ရေကြောင်းသွား ယာဉ်များဆိုပါကမိုးကာအုပ်ထားခြင်း မပြုလုပ်ကြပါရန်။

၆။ ပြည်သူများ အနေနှင့်လိုအပ်သော စားနပ်ရိက္ခာများ၊ ဆေးဝါးပစ္စည်းများကြိုတင်စုဆောင်း၍ အရေးပေါ်တိမ်းရှောင်ရန်နေရာများကို ကြိုတင်စီမံထားရှိကာ အရေးကြီးပစ္စည်းများကို အလွယ်တကူ ယူဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြပါရန်။

၇။ ပြည်သူများအနေနှင့် အကြမ်းဖက်စစ်ကောင်စီ၏တပ်များကို ဆန့်ကျင်တော်လှန်ရာတွင် မိမိတို့ တတ်စွမ်းရာ အခန်းကဏ္ဍမှ ပူးပေါင်း ပါဝင် ကူညီကြပါရန်။

၈။ အကြမ်းဖက်စစ်အုပ်စုသည် ကောလာဟလ သတင်းမှားများကို အချိန်ကာလ နေရာဒေသမရွေး ဝါဒဖြန့် ဆိုက်ဝါးလေလှိုင်းတိုက်ပွဲများပါ ဆင်နွှဲလျက်ရှိရာ ပြည်သူများအနေနှင့် သေချာစွာ မေးမြန်းစုံစမ်း၍ သတိပြုနေထိုင်ကြပါရန်။

၉။ ကျဆုံးသွားသော ရဲဘော်များ၊ ဖမ်းဆီးခံရသောပြည်သူများ အယောင်ဆောင်၍ တည်ကြက်အဖြစ်သုံးကာ ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများထံ သတင်းမေးစုံစမ်းရာဖွေခြင်းများရှိလာပြီး ဘေးအန္တရာယ်ကျရောက်လာနိုင်သည်ကို အထူးသတိထားကြပါရန်။

၁၀။ စစ်ကောင်စီ၏ အစိုးရရုံးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်းထမ်းများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ အနေနှင့် မည်သည့်အကြောင်းပြချက်နှင့် မှ ဆက်လက်၍ တာဝန်ထမ်းဆောင်ခြင်း မပြုကြပါရန်။

၁၁။ အကြမ်းဖက် စစ်ကောင်စီ၏ သတင်းပေးဒလန်များ၊ လက်ကိုင်တုတ်များ၊ ၎င်းတို့၏ မိသားစုဝင်များအားလုံး မိမိတို့၏ အသက်ကိုတန်ဖိုးထားလျှင် စစ်ကောင်စီကို အားပေးကူညီခြင်း၊ သတင်းပေးခြင်းမှ ရပ်တန့်၍ နေရပ်မှ ချက်ချင်း ထွက်ခွာကြရန် -

ကြိုတင် အသိပေး ကြေညာအပ်ပါသည်။

"အရေးတော်ပုံ မုချအောင်တော့မည်"

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

(ကနီမြို့နယ်)